Chin National Front
General Headquarters
CHINLAND

# ALP, CNF KNPP, RCSS (SSA)
## စစ်ရေးမဟာမိတ် (၅) ဖွဲ့တို့၏သဘောထားထုတ်ပြန်ကြေညာချက်

ကျွန်ုပ်တို့ စစ်ရေးမဟာမိတ်(၅)ဖွဲ့တို့၏ ထိပ်သီးခေါင်းဆောင်များသည် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် မေလ(၁၈)ရက်နေ့တွင် Shan State Army (SSA) နယ်မြေတနေရာ၌ မျက်နှာစုံညီ အစည်းအဝေးတရပ်ကို ကျင်းပပြုလုပ်ပြီး လက်ရှိမြန်မာ့နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် ဒီမိုကရေစီရေး၊ နအဖစစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ် ပြန့်ပြန့်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးကြကာ အောက်ပါသဘောထားကို တညီတညွတ်တည်း ထုတ်ပြန်လိုက်သည်။

နအဖစစ်အုပ်စုသည် အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီရေးတို့ကို လစ်လျူရှုပြီး လူမျိုးစုံပြည်သူများအပေါ် မျိုးဖြုတ်သန့်စင်ရေးကို စနစ်တကျ စီမံကိန်းရှိရှိ လုပ်ဆောင်နေသည်။ ထို့ကြောင့် နအဖစစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေးမပြုလုပ်သော ကျွန်ုပ်တို့အဖွဲ့(၅)ဖွဲ့တို့၏ လက်နက်ကိုင်ခုခံတော်လှန်ရေးသည် မိမိတို့အမျိုးသား တည်တံ့ရေး၊ ဒီမိုကရေစီရေးနှင့်လူ့အခွင့်အရေးစသည်တို့ကို စည်းလုံးညီညွတ်စွာဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုကို အခြေခံ ပြီး ခုခံ ကာကွယ်သွားကြရန် တညီတညွတ်တည်း သဘောတူကြသည်။

ကျွန်ုပ်တို့၏ ဘုံရည်မှန်းချက်ကို အမြန်ဆုံးရောက်ရှိရေးအတွက် အချင်းချင်းအကြားအစဉ်သဖြင့် ညှိနှိုင်းခြင်း၊ အပြန်အလှန်ကူညီခြင်း၊ အနီးကပ်ပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်ရေးအတွက် အပြန်အလှန် ဆက်သွယ်ရေး၊ သတင်းအချက်အလက်များဖလှယ်ရေးစသည်များပြုလုပ်သွားကြရန်လည်း တညီတညွတ်တည်း သဘောတူကြသည်။

မျက်မှောက်ကာလတွင် မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာကိုအန္တရာယ်ပြုခြိမ်းခြောက်လာသည်။ မြန်မာ နိုင်ငံ သည် ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးအများဆုံးထုတ်လုပ်သည့် နိုင်ငံများစာရင်းတွင် ပါဝင်နေသည်။ အုပ်ချုပ်သူ စစ်အုပ်စု အဆက်ဆက်သည် မူးယစ်ဆေးဝါးထုတ်လုပ်ရေးတွင် ၎င်းတို့အခေါ် သောင်းကျန်းသူများကသာလျှင် လုပ်ဆောင်ကြကြောင်း အစဉ်သဖြင့် စွပ်စွဲလာခဲ့ကြသည်။ ၁၉၈၈ နောက်ပိုင်းမှစ၍ မူယစ်ဆေးဝါးထွက်ရှိသည့် ဒေသများကို အခြေခံသည့် အဖွဲ့အစည်း များနှင့် နဝတစစ်အုပ်စုတို့ အပစ်အခတ်ရပ်စဲခဲ့ကြသည်။ သို့သော် မူးယစ်ဆေးဝါး ထွက်နှုန်းမှာ ကျဆင်းသွားခြင်းမရှိသည့်အပြင် အဆပေါင်းများစွာတိုးလာသည်ကို ကြည့်ခြင်းအားဖြင့် စစ်အုပ်စုကိုယ်တိုင် မူးယစ်ဆေးဝါးထုတ်လုပ်ရေးတွင် နက်ရှိုင်းစွာ ပါဝင်နေကြောင်းပေါ်လွင်လျက်ရှိသည်။ ထို့ကြောင့် စစ်အုပ်စု သက်ဆိုးရှည်နေသမျှကာလပတ်လုံး မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးထုတ်လုပ်မှုမှာ ရပ်တန့်သွားမည်ဟု မယူဆပေ။ ကျွန်ုပ်တို့(၅)ဖွဲ့သည် မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးကို တာဝန်ယူလုပ်ဆောင်နေကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အစိုးရများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူကြသည်။

နအဖစစ်အုပ်စုမှ လူမျိုးစုံပြည်သူများအပေါ်ကျင့်သုံးနေသော မျိုးဖြုတ်သန့်စင်ရေးလုပ်ငန်းများ၊ ဒီမိုကရေစီဆန့်ကျင်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးချိုးဖောက်မှုလုပ်ရပ်များစသည်တို့ကို ကျွန်ုပ်တို့ (၅) ဖွဲ့မှ ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချသည်။

မြန်မာနိုင်ငံ၏ပြဿနာအားလုံးသည် နိုင်ငံရေးပြေလည်မှုအပေါ်တွင် မြစ်ဖျားခံနေသည်ဖြစ်၍ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာလျှင် အမျိုးသားရေးပြဿနာ၊ ဒီမိုကရေစီရေးပြဿနာ၊ လူ့အခွင့်အရေး ပြဿနာနှင့် တန်တူရေး ပြဿနာ စသည်များအားလုံးကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သဘောတူကြသည်။ မြန်မာ နိုင်ငံတွင် နအဖ စစ်အာဏာရှင် သက်ဆိုရှည်နေသမျှကာလပတ်လုံး လူမျိုးစုံပြည်သူတရပ်လုံး၏ အမျိုးသားတန်း တူရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေး စသည်တို့မှ အလှမ်းဝေးနေမည်သာဖြစ်သောကြောင့် နအဖ စစ်အာဏာရှင် ဆန့်ကျင်ရေးလုပ်ငန်းတွင် အဖိနှိပ်ခံ ပြည်သူလူထုတရပ်လုံးအနေဖြင့် မိမိတို့တတ်နိုင်သည့်ကဏ္ဍ အသီးသီးမှ ကျွန်ုပ်တို့နှင့်အတူ လက်တွဲပူးပေါင်း တိုက်ပွဲဝင် သွားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်၊

(KNU)
ကရင်အမျိုးသားအစည်းအရုံး

(RCSS)
ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

(CNF)
ချင်းအမျိုးသားတပ်ဦး

(KNPP)
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

(ALP)
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ

မှတ်ချက်။ ။ စစ်ရေးမဟာမိတ်အဖွဲ့ဝင်(SSA)မှ ၎င်း၏နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းဖြစ်သော Restoration Council of the Shan State(RCSS) ကို ပါဝင်လာစေခဲ့ပါသည်။

နေ့စွဲ။ ။၂၀၀၀ ခုနှစ်၊ မေလ (၁၈)ရက် (၁၃၆၂ ခု ကဆုန်လဆုတ် ၁ ရက်)